(၄၁၉) ဥပပဒံ, နာမ်၏နောက်မှ၊ ပဒပူရဏ၊ အဗ္ဗုတ၊ သက်ကြဉ်ပစ္စေး။

(မနသိကရောတိ=နှလုံးသွင်း၏၊ ဘုသိကရောတိ=ဖွဲ မဟုတ်သည်ကိုဖွဲ့ကဲ့သို့ပြု၏။)

(၄၂၀) ဓာတ်ဟူသည်ကား၊ အနက်များ၊ ဂိုဏ်း အားလျော်စွာ ဝေ။

(၄၂၁) ပုဒ်-ဥပသာ၊ ယှဉ်တုံလာ၊ များစွာဓာတ်နက်ထွေ။

(၄၂၁) တစ်ရှောင်ငါးဆယ်၊ လက်ခြယ်၊ ဤဝယ်-အာချာတ်ပြီး။

**သဒ္ဒသံခိပ်အာချာတ်ပြီး၏။**

----- * -----

# (၄) ကိတ်ပိုင်း

(၄၂၂) တတ်, မူ-ကတ္တား၊ ကံ, အပ်ပြား၊ ကြောင့်, ကား-ကရိုဏ်းသာ။

(၄၂၃) သမ္ပဒါန်၊ အပါဒါန်၊ အဓိကရဏ၊ ပေးကြ-ရာသာလျှင်။

(၄၂၄) ခြင်း, ရာ-ဘာဝ၊ ကိတ်, ဟောရ၊ သတ္တ-သာဓနာ။

(၄၂၅) တ, တဝန္တု၊ တာဝီ, မှ၊ တုန်, တွာန်, တွာ။

(၄၂၆) တာယေ, တုယေ၊ တုံတဝေ၊ တဗ္ဗေ, တဗျ, သာ။

(၄၂၇) တေယျ, တိ, တု၊ တုက, စု၊ တ ဟု-မှတ်ကုန်ပါ။

(၄၂၈) ဘော, ကံ, ကတ္တု၊ အာခါရ၊ တ, ၏-သက်ဝင်ရာ။

(၄၂၉) ကာလသုံးပါး၊ တ, လျှင်ပြား၊ များ၏-အတိတ်မှာ။

(၄၃၀) တာဝီ, တဝန္တု၊ တိတ်ကာလ၊ သက်ကြ-ကတ္တားမှာ။

(၄၃၁) တုနာဒိ, ကား၊ ဘော, ကတ္တား၊ များ၏-အတိတ်မှာ။

(၄၃၂) တာယေ, အာဒိ၊ ဘော၌သိ၊ များ၏-နာဂတ်မှာ။

(၄၃၃) ရှေ့နောက်ကြိယာ၊ တူကတ္တာ၊ ရှေ့မှာ-တွာဒိ, များ။

(၄၃၄) ရှေ့နောက်ကြိယာ၊ တူကတ္တာ၊ နောက်မှာ-တာယေ, များ။

(၄၃၅) အကျိုး-ကြိယာ၊ တဒတ္ထာ၊ တာယေ, အာဒိပြား။

(၄၃၆) တဗ္ဗာ, ဒိမှာ၊ ဘော, ကံ, သာ၊ ကာလ-ဝိမုတ်ထား။

(၄၃၇) အရဟာ, နှင့်၊ သက္က, ပေသ၊ တိသဂ္ဂ၊ ပတ္တကာလ, ပြား။
(၄၃၈) တိ, မူ-သာဓနေ၊ အများရ၊ ကာလ-သုံးထွေပြား။
(၄၃၉) တဿီလာဒိ၊ ကတ္တရိ၊ သက်ဘိ-တု, အလား။
(၄၄၀) ကတ္တားသာမန်၊ ကာ, သုံးတန်၊ ရံခါ-နာဂတ်, ငြား။
(၄၄၁) ဂိုဏ်း, ခုနစ်လည်း၊ အာချာတ်, နည်း၊ ပစ္စည်း-ဝုဒ္ဓိပါ။
(၄၄၂) ဗျဥ္ဇနာဒိ၊ ပစ္စည်းရှိ၊ ဣ, လည်း-သင့်ရာလာ။
(၄၄၃) ခပ်သိမ်းခါတ်မှ၊ တွာ, ရောက်က၊ ယ, နှင့်-ယာန, ပြု။
(၄၄၄) ကာရိုက်နောက်လည်း၊ ကိတ်ပစ္စည်း၊ အကြီး-ဝုဒ္ဓိပြု။

(ဘူတော=ဖြစ်ပြီ၊ ဘူတဝါ=ဖြစ်ပြီ၊ ဘူတာဝီ=ဖြစ်ပြီ၊ ဘုတွာ=ဖြစ်ပြီး၍၊ ဘုတွာန=ဖြစ်ပြီး၍၊ သမ္ဘုယျ=ကောင်းစွာဖြစ်၍၊ ဘဝိတုံ=ဖြစ်ခြင်းငှါ၊ ဘဝိတဝေ=ဖြစ်ခြင်းငှါ၊ ဘဝိတဗ္ဗံ=ဖြစ်ရာ၏၊ ဘူတိ=ဖြစ်ခြင်း၊ ဘာဝေတာ=ဖြစ်စေ၏။ ။ပြယုဂ်ဆောင်ပုဒ်။)

## တ, ပစ္စည်းမျိုး၌ သာမညဝိဓိပြီး၏။

------ ✳ ------

(၄၄၅) တ, နှောင်းတုံလတ်၊ ခါတ်၏ အစ၊ ဝ, ရှိက၊ ဝ, လျှင်-ဥ, ဖြစ်မြဲ။
(၄၄၆) န, မ, ရ, နောက်၊ တ, လျှင်ရောက်၊ ကြေပျောက်-န, မ, ရ။
(၄၄၇) န, မ, နောက်မှာ၊ တ, ရောက်လာ၊ န, မာ, ဝဂ္ဂန္တ။
(၄၄၈) စ, ၏-နောက်မှာ၊ တ, ရောက်လာ၊ စ, ပါ-က္က, ဒွေးပြု။
(၄၄၉) တိဇ, သုသ၊ စသည်နောက်မှာ၊ တ, ရောက်လာ၊ ခါတ်ပါ-က္ခ, ဒွေးပြု။

(၄၅၀) ဇ, ၏-နောက်မှာ၊ တ, ရောက်လာ၊ ခတ်ပါ-ဂ္ဂ, ဒွေးပြု။

(၄၅၁) ရ, ၏-နောက်မှာ၊ တ, ရောက်လာ၊ ရံခါ-ဋ, အပြု။

(၄၅၂) သကာရန္တ၊ ပုစ္ဆ, ဘဉ္ဇ၊ စသည်နောက်မှာ၊ တ, ရောက်လာ၊ ခတ်ပါ-ဋ္ဌ, ဒွေးပြု။

(၄၅၃) ဝဍ္ဎ, ဒဟ, ၊ စသည်နောက်မှာ၊ တ, ရောက်လာ၊ ခတ်ပါ-ဍ္ဎ, ဒွေးပြု။

(၄၅၄) ခိ, ၏နောက်မှာ၊ တ, ရောက်လာ၊ တ, သာ-ဤဏ, ပြု။

(၄၅၅) ဒ, ရ, နောက်မှာ၊ တ,ရောက်လာ၊ ခတ်ပါ-ဣဏ္ဏ, ပြု။

(၄၅၆) စ, ဇ, တ, ဒ၊ ပ, ၏-နောက်မှာ၊ တ, ရောက်လာ၊ ခတ်ပါ-တ္တ, ဒွေးပြု။

(၄၅၇) သာသ, သံသ ၊ ဝသ, နောက်မှာ၊ တ, ရောက်လာ၊ ခတ်ပါ-တ္ထ, ဒွေးပြု။

(၄၅၈) သာ, ကိုလည်း-သိ ၊ တ္ထ, ဗျည်း-ဒွိ ၊ ဌ, ဒွိ-ရံခါပြု။

(၄၅၉) ဓ, ဘ, ဟ, မှာ၊ တ, ရောက်လာ၊ ခတ်ပါ-ဒ္ဓ, ဒွေးပြု။

(၄၆၀) ဒ, ၏-နောက်မှာ၊ တ, ရောက်လာ၊ ခတ်ပါ-န္န, ဒွေးပြု။

(၄၆၁) ဒါ, နှင့်-သဒ၊ နမု, မှ၊ ဣန္န, ခတ်ပါပြု။

(၄၆၂) အာသ, ပဒ၊ သုပ, ဟာ, မှ၊ ရောက်သည်-တ၊ ဣန, ဤန, ပြု။

(၄၆၃) စိ, ဇိ, ဒိ, ပိ၊ လိ, ဓူ, လူ, ဟု၊ ခတ်စု-နောက်မှ၊ ရောက်သည်-တ၊ န, လည်းရံခါပြု။

(၄၆၄) ဟ, ၏နောက်မှ၊ ရောက်သည့်-တ၊ ဟ, ပါ-ဠှ, ဒွေးပြု။

(၄၆၅) ဂါ, ဌာ, မာ, ပါ၊ တ, နှောင်းရာ၊ အာ, ကို-ဣ, ဤ, ပြု။

(၄၆၆) တ, နှောင်းတုံက၊ ဓာတ်ဇန့၊ န, ကို-အာ, ဟုပြု။

(၄၆၇) အာ၏- နောက်မှ၊ တွာဒိ-ယ၊ ကြေထ-ရုံတစ်ခါ။

(၄၆၈) က္က, နှောင်းလေရာ၊ ဒါ, ကို-က္ကယ၊ မ, နှောင်းက၊ က္ကယ,
တွာကိုပြု။

(၄၆၉) ယ, နှောင်းတုံဘိ၊ သိ, ၏-က္က၊ ပြုဘိ-အာ, လျှင်တည်း။

(၄၇၀) က္က, နှောင်းလည်း-စွ၊ ရ, န, နှင့်သာ၊ ပစ္စည်း-တွာ၊
ရုံခါ-စွ, လည်းပြု။

(၄၇၁) ဝဂ္ဂ, လ, သ၊ နောက်မှ-တွာဒိ၊ ယ, ပြုဘိ၊ သန္ဓိ,
ရုပ်ပြီးနည်း။

(၄၇၂) ဒိသ, နောက်မြင်၊ တွာဒိ, တွင်၊ တ, လျှင်ကြေသမှု။

(၄၇၃) ဒိသ, နောက်မှာ၊ တွာ, ရောက်လာ၊ သ, ပါ-ဍွာဍျ, ပြု။

(၄၇၄) တွာ, တုံ, တဗ္ဗ၊ နှောင်းတုံက၊ ဒ, လည်း-ဒိ, ကိုပြု။

(၄၇၅) တွာဒိ-ဒ္ဓ, ပြု၊ ဝ, ကြေမှု၊ ပြန်မှု-ဟ, နှင့်-ယ,။

(၄၇၆) ကရ, ဟရာ၊ ရ, ကြေခါ၊ ကာ, ဟာ, ရုံခါပြု။

(၄၇၇) ဓာတွန်, ကျေဘိ၊ တနာဒိ,၊ ဒွိရုပ်-ဝိကပ်ပြု။

(၄၇၈) သာသ, နောက်မှာ၊ တု, ရောက်လာ၊ သ, ပါ-ဋ္ဌု, အပြု။

(၄၇၉) မာန, ဘာသာ,၊ တု, ရောက်လာ၊ ဓာတွန်-ကြေသမှု။

(၄၈၀) ပါ, ဓာ, နောက်မှာ၊ တု, ရောက်လာ၊ အာ, ကို-က္က, ဉ,
ပြု။

**တ, ရာသီပြီး၏။**

------- ✳ -------

(၄၈၁) အနီယ, ဏျ၊ ဘော, ကံ, ကျ၊ တဗ္ဗ, နည်းတူ သာ။

(၄၈၂) သာဓနတစ်ပါး၊ အနည်းအား၊ ဟောကြားသေး သည်သာ။
(၄၈၃) ဏျ, နှောင်းဘိ၊ ရုပ်ဝိဓိ,၊ သန္ဓိ, နည်းတိုင်းသာ။
(၄၈၄) ဝုဒ္ဓိပြုနည်း၊ ရှေ့တိုင်းမှီး၊ ဣ, လည်း-ရုံခါလာ။
(၄၈၅) အာ, ဣ, ဓာတ်စု၊ ဧ, လျှင်ပြု၊ ဥ, စု-သြ, အာဝ်,။
(၄၈၆) ဏ, နှောင်းတုံမူ၊ စ, ဝဂ်စု၊ ပြုလေ-က, ဝဂ်သာ။
(၄၈၇) ရ, နှင့်တကွ၊ ယင်း-ဏျ,၊ ဣစ္စ, အစ္စ, ပြု။

**အနီယ, ဏျ, ရာသီပြီး၏။**

------ * ------

(၄၈၈) အန္တ, ကတ္တား,၊ မာန, ငြား၊ ကတ္တား, ဘော, ကံ, သာ။
(၄၈၉) ပစ္စုပ္ပန်များ၊ သ, လာငြား၊ နှစ်ပါး-နာဂတ်, မှာ။
(၄၉၀) မ, ကိုချေပြန်၊ အာန, ကျန်၊ ရုံဖန်ပြယုဂ်လာ။
(၄၉၁) ဂိုဏ်းခုနစ်လည်း၊ အာချတ်နည်း၊ ပစ္စည်းအာဂုံလာ။

**အန္တ, မာန, ရာသီပြီး၏။**

------- * -------

(၄၉၂) သတ္တ-သာဓန,၊ သက်အပ်စွ၊ အ, နှင့်-ဏ, နှစ်ဖြာ။
(၄၉၃) ကံပုဒ်, ဘက်တွဲ၊ ကတ္တား, မြဲ၊ အံ, လဲ-အချို့လာ။
(၄၉၄) ဏ, နှောင်းလေက၊ အာ, သရ,၊ အာယ, ဖြစ်မြဲသာ။
(၄၉၅) ဏ, နှောင်းလေမူ၊ ဓာတ်အစု၊ ဗိန္ဒု, အချို့ကြေ။
(ရာဂေါ=တပ်စွမ်းခြင်း၊ ဝိဘာဂေါ=ဝေဖန်ခြင်း၊ ဟာသော=ရွှင်ခြင်း။)
(၄၉၆) သံ, နှင့်-ဥပ,၊ ပုရ, ပရိ,၊ နောက်ရှိ-ကရ,၊ ဏ, နှောင်းက၊ ခရ, ဖြစ်ပစေ။

**အ, ဏ, ရာသီပြီး၏။**

------- * ------

(၄၉၇) သီလ, ဓမ္မ,၊ သာဓု ကာရ၊ အတ္တမာနိ၊ ကတ္တရိ၊ သက်ဘိ-ဏီ, အာဝီ။

(ဓမ္မစာရီ=တရားကို ကျင့်လေ့ရှိသောသူ၊ ဓမ္မစာရီ=တရားကိုကျင့် ခြင်း သဘောရှိသောသူ၊ ဓမ္မစာရီ=တရားကျင့်မှု၌ အရိုအသေပြု တတ်သောသူ၊ ပဏ္ဍိတမာနီ= မိမိကိုယ်ကိုပညာရှင်ဟု အထင်ကြီးသောသူ၊ ဘယဒဿာဝီ= ဘေးကိုရှုလေ့ရှိသောသူ။)

(၄၉၈) သတ္တ, သာဓနေ၊ သက်အပ်စွ၊ အန, ပစ္စည်းတည်း။

(သဉ်္ဇါနံ=ရေတွက်ခြင်း၊ ဉာဏံ=သိခြင်း-သိကြောင်း၊ ဌာနံ= တည်ခြင်း-တည်ရာ၊ ဒါနံ=ပေးလှူခြင်း၊ ဝိမာနံ=စီရင်ခြင်း၊ ပါနံ=သောက် ခြင်း၊ မာနံ=နှိုင်းရှည့်ခြင်း၊ နယနံ=ဆောင်ခြင်း၊ သယနံ=အိပ်ခြင်း၊ သဝနံ=နာခြင်း၊ စျာနံ=ရှုခြင်း၊ တာနံ=စောင့်ရှောက်ခြင်း၊ တာယနံ= စောင့်ရှောက်ခြင်း၊ ကရဏံ=ပြုခြင်း၊ ဘုဥ္ဇနံ၊ ဘောဇနံ=စားခြင်း၊ ဝေဒနာ= ခံစားခြင်း၊ စေတနာ=စေ့ဆော်ခြင်း၊ ဘာဝနာ=ပွါးခြင်း။)

(၄၉၉) အသံ, အမျက်၊ လှုပ်လှက်, ဆင်ယင်၊ ထွန်းထင် တောက်ပ၊ ပွါးခြင်း, စဘိ၊ သီလာဒိရန်၊ ကတ္တားမှန်၊ အနဏ်, ပစ္စည်းတည်း။

(ဃောသနော=ကြွေးကြော်ခြင်း အလေ့ရှိသည်၊ ဘာသနော= စကားများလေ့ရှိသည်၊ ကောဓနော=အမျက်ထွက်လွယ်သောအလေ့ ရှိသည်၊ စလနော=လှုပ်ရှားလွယ်သော အလေ့ရှိသည်၊ မဏ္ဍနော= တန်းဆာ ဆင်ယင်လေ့ရှိသည်၊ ဝေရောစနော=ထွန်းလင်း တောက်ပ ခြင်းသဘောရှိသည်၊ ဝဍ္ဎနော=ပွါးခြင်းသဘောရှိသည်)

(၅၀၀) ကတ္တား သာမည၊ သက်အပ်စွ၊ အက, ပစ္စည်းတည်း။

(ဂမကော=သိစေတတ်သည်၊ ဟနကော၊ ဝဓကော=သတ်တတ်သည်၊ ဇီဝကော=အသက်ရှင်တတ်သည်၊ ပူရကော=ပြည့်စေတတ်သည်၊ သူစကော=ကုန်းတိုက်တတ်သည်။)

(၅၀၁) တသီလာဒိ,၊ ကတ္တရိ၊ သက်ဘိ-အကဏ်, တည်း။

(သင်္ခါယကော=ရေတွက်တတ်သည်၊ ဉာပကော=သိစေတတ်သည်၊ ဒါယကော=ပေးလှူတတ်သည်၊ နာယကော=ဆောင်တတ်သည်၊ သာဝကောကြားတတ်သည်၊ ဘာဝကော=ပွါးစေတတ်သည်၊ ကာရကော=ပြုတတ်သည်။)

(၅၀၂) အနန, အနက၊ အန နက၊ သက်ကြ-အချို့တည်း။

(သဥ္စာနနံ= သိခြင်း၊ သညာပနကော= သိစေတတ်သည်၊ သဥ္စာနနကော=သိစေတတ်သည်။)

**အန, အက, ရာသီပြီး၏။**

------ ✳ ------

(၅၀၃) အနာဂတ်၌၊ တသီလာဒိ၊ ကတ္တရိ၊ ဏိ, ဏီ-အကဏ်, တုိ။

(ဘာဝိ၊ ဘာဝီ=မချွတ်ဖြစ်လတ္တံ့၊ အာဂတိ၊ အာဂမီ=မချွတ်လာလတ္တံ့၊ ကာရကော=ပြုလိုသည်ဖြစ်၍၊ ဂစ္ဆတိ=သွား၏၊ ကတ္တာ=ပြုမည်ဟူ၍၊ ဂစ္ဆတိ=သွား၏။)

(၅၀၄) တသီလာဒိ၊ ကတ္တရိ၊ သက်ဘိ-ဥ, နှင့်ဦ။

(ဘိက္ခု=ရဟန်း၊ ပဋ္ဌု=လိမ်မာသောသူ၊ မရု=နတ်၊ ဝိဒူ=ပညာရှိ၊ အတ္တညူ=အကျိုးကိုသိလေ့ရှိသောသူ၊ ဓမ္မညူ=အကြောင်းကို သိလေ့ရှိသောသူ၊ သဗ္ဗညူ=အလုံးစုံကို သိလေ့ရှိသောဘုရား။)

(၅၀၅) တဿီလာဒိ, ကတ္တရိ၊ သက်ဘိ-ဏှ, နှင့်ဏှူ။

(ကာရူ= ပြုလေ့ရှိသောလက်သမား၊ ဝါယု= လာလေ့ရှိသောလေ၊ ပဘင်္ဂု=ပျက်ပြားလေ့ရှိသောတရား။)

(၅၀၆) ရှေ့ပါရာဒိ၊ ဟန်, ဂမိ၊ သက်ဘိ-ရု, နှင့်ရူ။

(၅၀၇) ရာနုဗန်နှောင်း၊ ခာတွန်ပေါင်း၊ ထောင်းထောင်း ကျေရိုးဟူ။

(ဘူနဟု=စီးပွါးချမ်းသာကို ဖျက်ဆီးတတ်သောသူ၊ မိတ္တဒ္ဒု= အဆွေခင်ပွန်းပြစ်မှားတတ်သောသူ၊ ပါရဂူ= ကမ်းတစ်ဖက်သို့ရောက်သည်၊ ဝေဒဂူ=ဉာဏ်အထွတ်သို့ရောက်သည်။)

(၅၀၈) သာခနေအများ၊ သက်တုံငြား၊ သုံးပါးကာလ-စိ။

(၅၀၉) စိ, အမြဲကြေ၊ စိ, နှောင်းပေ၊ ကျေစေ-ခာတွန်, ရှိ။

(သင်္ခါ၊ သင်္ချာ=အရေအတွက်၊ မာရဇိ= မာရ်ကိုအောင်သော ဘုရား၊ သေနာနီ= စစ်မှူး၊ ဘူ= မြေကြီး၊ သယမ္ဘူ=ဘုရား၊ ဂေါ= နွား၊ တုရင်္ဂေါ=မြင်း၊ ဘူဇင်္ဂေါ=မြွေ၊ ဝိဟင်္ဂေါ=ငှက်၊ ကမ္ဗဇံ=ကံကြောင့် ဖြစ်သောရုပ်၊ အန္တကော= အယုတ်ကိုပြုတတ်သော မာရ်နတ်၊ ဝါ=ဘဝအဆုံးကိုပြုတတ်သော သေမင်း။)

(၅၁၀) စိ, ကျေတုံက၊ ဟန, ဟ၊ ဃလည်းအများပြု။

(သံယောဂ= အပေါင်း၊ ဩဃော= ရေအယဉ်၊ ပဋိဃော= အမျက်၊ မာတိဃော= အမိသတ်၊ ပိတိဃော= အဘသတ်။)

(၅၁၁) ဒိသ, ရှေ့နေ၊ ယ, တေ, တိ, မ၊ သမာန၊ အမှ, ကီး, တစ်စု။

(၅၁၂) ယာ, တာ, ဧ, ဤ၊ သာ, မာ, ကီ၊ အညီ-စဉ်တိုင်းပြု။
(၅၁၃) အ, နှောင်းတုံက၊ ဒ, ကို-ရ၊ က္ခ, လည်း-သ, ကိုပြု။
(၅၁၄) စိ, နှောင်းရာတွင်၊ သ, ကြေလျှင်၊ ဒိ, တွင်-ဒီယ-ပြု။

(ယာဒိသော၊ ယာရိသော၊ ယာဒိက္ခော၊ ယာရိက္ခော၊ ယာဒီ=အကြင်သို့ရှုအပ်သောသူ၊ ဝါ၊ အကြင်သို့သဘောရှိသောသူ၊ တာဒိသော=ထိုကဲ့သို့ရှုအပ်သောသူ၊ ဧဒိသော=ဤကဲ့သို့ရှုအပ်သောသူ၊ ဤဒိသော=ဤကဲ့သို့ရှုအပ်သောသူ၊ သာဒိသော=တူသောသူကိုကဲ့သို့ ရှုအပ်သောသူ၊ ကီဒိသော=အဘယ်ကဲ့သို့ရှုအပ်သနည်း၊ သဒိသော=တူသည် ဟု ပေးရ၏၊ တုမှာဒိသော=သင်ကဲ့သို့သောသူ။)

(၅၁၅) ရမ္မ, ရတ္ထ၊ ရတ္တိ, စစွာ၊ မ, ဆုံးရာ၊ သက်ပါ- ပစ္စည်းစု။

(ဓမ္မော=တရား၊ အတ္ထော=အနက်၊ အတ္ထိ=ရှိသည်၊ နတ္ထိ=မရှိ၊ ကတ္တိ=မိန်းမသည်၊ ဝတ္ထု=မှီရာဝတ္ထု။)

(၅၁၆) က္လသု, မုန၊ ယတ, ဒါ, ဓာ၊ စသည်မှာ၊ သက်ပါ- က္လပစ္စည်း။

(က္လသိ=ရသေ့၊ မုနိ= ရဟန်း၊ ယတိ=ရဟန်း၊ အာဒိ=အစ၊ ဥပါဒိ=ခန္ဓာငါးပါး၊ ဝိဓိ=အစီအရင်၊ သမာဓိ=သမာဓိတရား။)

(၅၁၇) နဒ, မဟ၊ စသည်နောက်မှာ၊ ဝတ္တိစွာ၊ သက်ပါ- ဤ, ပစ္စည်း။

(နဒီ= မြစ်၊ မဟီ= မြေကြီး။)

(၅၁၈) ခီ, စနောင်-မ၊ သမာ, ထ၊ ဇန, နောက်မှာ-တု။

(ခေမံ=နိဗ္ဗာန်၊ သမထော= သမထဘာဝနာ၊ ဇန္တု=သတ္တဝါ။)

(၅၁၉)　ဒု, သု, ဉ္စသံ၊ ရှေးရှိပြန်၊ ကံ, ဌ-အ, ပစ္စည်း။

(ဒုက္ကရံ=ပြုနိုင်ခဲသောအမှု၊ သုကရံ=ပြုလွယ်သောအမှု၊ ဤသက္ကရံ=စဉ်းငယ်ပြုခြင်း။)

(၅၂၀)　ကရ, နောက်မှာ၊ ရိရိယာ၊ ကြွင်းမှာ-ယ, ပစ္စည်း။

(ကိရိယာ=အမှုအရာ၊ သေယျာ=အိပ်ရာ၊ ပဗ္ဗဇ္ဇာ=ရှင် ရဟန်းပြုခြင်း၊ ဝိဇ္ဇာ=သိခြင်း၊ စရိယာ=ကျင့်ခြင်း၊ သမ္မဇ္ဇာ=တံမြက်တလင်းသုတ်သင်ခြင်း၊ နိသဇ္ဇာ=ထိုင်နေခြင်း။)

(၅၂၁)　ချေ, လာ, ဖောက်ပြန်၊ ဝိပရိယံ၊ နက်လွန်, ငါးမျိုးရှိ။
(၅၂၂)　အဌကထာ၊ ကျမ်းဌလာ၊ ငါးဖြာနိရုတ္တိ။
(၅၂၃)　ချေ, ပြု, ဖောက်ပြန်၊ ဝိပရိယံ၊ ဒီဃံ, ရဿ, ဝုဒ္ဓိ။
(၅၂၄)　အာဂုံ, ပစ္စည်း၊ ကိုးပါးနည်း၊ ကစ္စည်း-နိရုတ္တိ။
(၅၂၅)　ပါဠိတော်နှင့်၊ လျော်သဖြင့်၊ ပြုသင့်သည်ချည်းသိ။
(၅၂၆)　ပိုဒ်တစ်ရာလျှင်၊ လင်္ကာဆင်၊ ဤလျှင်-ကိတ်ပြီးပြီ။

**သဒ္ဒသံခိပ်ကိတ်ပိုင်း ပြီး၏။**

------ * ------

# (၅) တဒ္ဓိတ်ပိုင်း

(၅၂၆) အနုဗန်-ဏ၊ ဝုဒ္ဓိပြု၊ အ, လျှင်အာ, ဝုဒ္ဓိ။
(၅၂၇) ဧ, မှာ ဣဝဏ်၊ ဩ, ဥဝဏ်၊ သုံးတန်ပွါး-ဝုဒ္ဓိ,။
(၅၂၈) ပုဒ်စ, ပုဒ်လယ်၊ ပုဒ်ဆုံး, ဝယ်၊ သုံးသွယ်ပွါးဝုဒ္ဓိ။
(၅၂၉) ဝိ, နိ, ဒု, သု၊ ဝုဒ္ဓိစုမှ၊ တချို့မျှ၊ ယ, ဝ, လာလည်းရှိ။
(၅၃၀) ဝေယျာကရဏိက၊ နေယျာယိက၊ ဒေါဝါရိက၊
သောဝဂ္ဂိက၊ အစဉ်ပြု၊ ပဒ-လေးခုသိ။
(၅၃၁) ဏ, နှင့်-ဏာန၊ ဏာ ယန၊ ဏိက, ဏိယ, ဏျံ။
(၅၃၂) ဏဝ, ဏေရ၊ ဏိ, ဏေယျ၊ ည-လျှင်ဆယ့်တစ်တန်။
(၅၃၃) သမ္ဘန်အပစ္စ၊ အနက်ပြု၊ သက်ကြလိုင်သုံးတန်။

(ဝသိဋ္ဌဿ=ဝသိဋ္ဌမည်သောသူ၏၊ အပစ္စံ=သားတည်း၊ ဝါသိဋ္ဌော၊ ဝါသေဋ္ဌော=ဝသိဋ္ဌ၏သား၊ ကစ္စာနော၊ ကစ္စာယနော=ကစ္စည်း၏သား၊ သကျပုတ္တိကော၊ သကျပုတ္တိယော=သာကီဝင်မင်းသား ဘုရား၏သား၊ အာဒိစ္စော=အဒိတိနတ်သမီး၏သား၊ ပဏ္ဍဝေါ=ပဏ္ဍု၏သား၊ သာမဏေရော=ရဟန်း၏သား၊ ဒက္ခိ=ဒက္ခ၏သား၊ ကတ္တိကေယျော=ကတ္တိကာနတ်သမီး၏သား၊ ရာဇညော=မင်းမျိုး၏သား။ ။ ဆောင်ပုဒ်။)

**အပစ္စတဒ္ဓိတ်။**

------ ✳ ------

(၅၃၄) ရတ္တံ, ကြုဒ်၊ သဥ္စာတံ၊ ဘဝံအာဂတ။
(၅၃၅) အဿ နိဝါ သော၊ ဣဿရော၊ ယုတ္တော, ဝိသယ။
(၅၃၆) အဿ, ဒေဝတာ၊ စသည်မှာ၊ သက်ပါပစ္စည်း-ဏ။

(ကသာဝေန=ဖန်ရည်ဖြင့်၊ ရတ္တံ=ဆိုးအပ်သော သင်္ကန်းတည်း၊ ကာသာဝံ=ဖန်ရည်ဖြင့်ဆိုးအပ်သောသင်္ကန်း၊ သောကရံ=ဝက်၏အသား၊

မာနသံ=စိတ်၌ကောင်းစွာဖြစ်သည်၊ မာဝုရော=မဝုရပြည်၌ဖြစ်သည်၊ မာဝုရော=မဝုရပြည်မှလာသည်၊ မာဝုရော=မဝုရပြည်လျှင်နေရာရှိသောသူ၊ မာဝုရော=မဝုရပြည်ကိုအစိုးရသောသူ၊ ကတ္တိကော=ကြတ္တိကာနက္ခတ်နှင့်ယှဉ်သောလ၊ ဝါသာဒေါ=ခြသေ့်တို့၏ကျက်စားရာအရပ်၊ ဗုဒ္ဓေါ=ဘုရားလျှင်အိမ်ဦးနတ်ရှိသောသူ။ ။ ဆောင်ပုဒ်။)

## ရတ္တာဒိတဒ္ဓိတ်။

------- * -------

(၅၃၇) တရ, စရ၊ ဝဟ, ဝဍ္ဎေ၊ အဓိတော၊ သက်လေ-ဏိက, တည်း။

(၅၃၈) တေန ကတ၊ နိဓာန, နှင့်၊ ယုတ္တ, သိပ္ပ၊ ဘဏ္ဍ, ဇီဝိ၊ အစရှိ၊ သက်ဘိ- ဏိက, တည်း။

(နာဝါယ=လှေဖြင့်၊ တရတိ=ကူးတတ်၏၊ ဣတိ=ထိုကြောင့်၊ နာဝိကော=နာဝိကမည်၏၊ နာဝိကော=လှေဖြင့်ကူးသောသူ၊ သာကဋိကော=လှည်းဖြင့်သွားသောသူ၊ အံသိက=ပခုံးဖြင့်ရွက်ဆောင်သူ၊ ပရဒါရိကော=သူ့မယားကို သွားလာသောသူ၊ ဗျာကရဏိကော=ဗျာကရုဏ်းကျမ်းကို သင်ကြားသောသူ၊ ကာယိကံ=ကိုယ်ဖြင့်ပြုအပ်သောအမှု၊ ကာယိကာ=ကိုယ်၌အမြဲတည်သော ဝေဒနာ၊ ဒေါဝါရိကော=တံခါး၌အမြဲယှဉ်သောသူ၊ ဝေဏိကော= စောင်းတီးခြင်း အတတ်ရှိသောသူ၊ ဂန္ဓိကော=နံ့သာလျှင် ရောင်းရန် ဘဏ္ဍာရှိသောသူ၊ သူကရိကော=ဝက်ကိုသတ်၍ အသက်မွေးသောသူ။ ။ ဆောင်ပုဒ်။)

## တရတျာဒိတဒ္ဓိတ်။

(၅၃၉) ဇာတာဒိ နက်၊ ဟောပုဒ်ထွက်၊ သက်လေ-ဣမ, တည်း။

(၅၄၀) က္ကယ, က္ကက၊ ဏျ, ဏေယျ၊ ကိယ, များပစ္စည်း။

(ပုရေ= ရှေး၌၊ ဇာတော= ဖြစ်သည်တည်း၊ ပုရိမော=ရှေး၌ဖြစ်သည်၊ မနုဿဇာတိယော၊ မနုဿဇာတိကော=လူမျိုး၌ ဖြစ်သည်၊ ပုတ္တိမော၊ ပုတ္တိယော၊ ပုတ္တိကော=သားရှိသောသူ၊ ကမ္မည်း=အမှု၌ ကောင်းသည်၊ ပဗ္ဗတေယျံ=တောင်၌ဖြစ်သောဝတ္ထု၊ ဇာတိကိယော=ပဋိသန္ဓေ၌ ဖြစ်သောသူ။ ။ ဆောင်ပုဒ်။)

## ဇာတာဒိ, တဒ္ဓိတ်။

------ * ------

(၅၄၁) သမူဟ, မှာ၊ ဏ, ကဏ်, တာ၊ က, ပါ-လေးပစ္စည်း။

(၅၄၂) သချာ်နောက်, က၊ ဒွိဘာဝ၊ အယ-က္က, ပြုနည်း။

(ဒွိန္နံ=နှစ်ခုတို့၏၊ သမူဟော=အပေါင်းတည်း၊ ဒွယံ=နှစ်ခုအပေါင်း၊ တယံ=သုံးခုအပေါင်း၊ ဟတ္ထိကံ=ဆင် အပေါင်း၊ ဇနတာ=လူအပေါင်း၊ ဒွိကံ၊ ဒုကံ၊ ဒုက္ကံ=နှစ်ခုအပေါင်း၊ တိကံ၊တိက္ကံ=သုံးခုအပေါင်း။ ။ ဆောင်ပုဒ်။)

## သမူဟ, တဒ္ဓိတ်။

------- * -------

(၅၄၃) ဌာန, ဟိတ၊ အရဟ၊ ယောဂျ, သာဓု, ဟူ။

(၅၄၄) ဏျိ, ယ, နီယာ၊ နေယျ, ယာ၊ သက်ရာပစ္စည်းယူ။

(မဒဿ=မူးယစ်ခြင်း၏၊ ဌာနံ=အကြောင်းတည်း၊ မဇ္ဇံ= မူးယစ်ကြောင်း၊ မဒနီယံ=မူးယစ်ကြောင်း၊ ဥပါဒါနိယံ=ဥပါဒါန်၏ အစီးအပွါး၊ ဩဃနီယံ=ဩဃ၏ အစီးအပွါး၊ ပူဇနီယံ၊ ပူဇနေယျံ=ပူဇော်ထိုက်သည်၊ ဒဿနီယံ၊ ဒဿနေယျံ=ရှုကြည့်ခြင်းငှါလျောက်ပတ်သည်။ဆောင်ပုဒ်။)

## ဌာနာဒိတဒ္ဓိတ်။

------- * -------

(၅၄၅) ပမာ, နောက်မှာ၊ ပမေယျာ၊ အာယိတတ္တ, တည်း။
(ဓူမာယိတတ္တံ= အခိုးကဲ့သို့ထင်မြင်၏။)

**ဥပမာတဒ္ဓိတ်။**

------- * -------

(၅၄၆) နိဿိတ, နှင့်၊ ဌာန, အနက်၊ ဤနှစ်ချက်၊ သက်လေ-
လွှ, ပစ္စည်း။
(ဒုဋ္ဌုံ=မကောင်းသည်ကို၊ နိဿိတံ=မှီသည်တည်း၊ ဒုဋ္ဌုလ္လံ= မကောင်းသည်ကိုမှီသည်။)

**နိဿိတတဒ္ဓိတ်။**

------ * ------

(၅၄၇) လွန်ကဲသမှု၊ တဗ္ဗဟု၊ အာလု, ပစ္စည်းသက်။
(အဘိဇ္ဈာလု= အဘိဇ္ဈာများသောသူ။)

**တဗ္ဗဟုလ, တဒ္ဓိတ်။**

**အနေကတ္တ, တဒ္ဓိတ်ခုနစ်ပါးပြီး၏။**

------- * -------

(၅၄၈) သဒ္ဒါဖြစ်ရိပ်၊ အကြောင်းဟိတ်၊ နိမိတ်ဘာဝခြား။
(၅၄၉) ဇာတ်, ဂုဏ်, ကြိယာ၊ ဒြပ်, သညာ၊ ငါးဖြာဘာဝပွား။
(၅၅၀) ဘာဝ, ကမ္မ၊ ဟိတ, သာဓု၊ သကတ်, စု၊ သက်မှု-
ပစ္စည်းများ။
(၅၅၁) ဏျ, တာ, တ္တ၊ တ္တန, ဗျ၊ ဏိယ, ဏေယျ, ပေ။
(၅၅၂) ဏ, ကဏ်, နှင့်-တွ၊ ပေါင်းဒသ၊ ဘာဝပစ္စည်းထွေ။

(ပဏ္ဍိတဿ=ပညာရှိမည်ခြင်း၏၊ ဘာဝေါ= ဖြစ်ကြောင်းတည်း၊ ပဏ္ဍိစ္စံ= ပညာရှိမည်ကြောင်း၊ ပဏ္ဍိတတ္တံ=ပညာရှိမည်ကြောင်း၊ ဇာယတ္တံ=

မယားဧ၏အဖြစ်၊ ဒါသဗျံ=ကျွန်၏အဖြစ်၊ ပဏ္ဍိတယံ=ပညာရှိ၏အဖြစ်၊ သောစေယျံ=စင်ကြယ်သည်၏အဖြစ်၊ ဝေသမံ=မညီမညွတ်သည်၏ အဖြစ်၊ ရာမဏေယျကံ=မွေ့လျော်ဖွယ်၏အဖြစ်၊ သတ္တံ=ထင်ရှားရှိသည်၏အဖြစ်၊ ဝီရိယံ=ရဲရင့်သောသူ၏အမှု၊ သာမညံ=ရဟန်း၏ အစီးအပွါး၊ ကမ္မညံ=အမှု၌ကောင်းသည်၊ ဒေဝတာ= နတ်။)

(၅၅၃) ဥဇု, မုဒု၊ ဥသဘ, တွင်၊ ဏ, နှောင်းမြင်က၊ ရှေ့ဥ, လျှင်အာ၊ နောက်-ဥ, မှာ၊ ပြုရာ- အဝ, ထား။

(၅၅၄) ကြိသိ, နောက်တွင်၊ ဏ, နှောင်းမြင်၊ က္က, လျှင်- အာရိ, ငြား။

(အဇ္ဇဝံ=ဖြောင့်မတ်သည်၏အဖြစ်၊ မဒ္ဒဝံ=နူးညံ့သည်၏အဖြစ်၊ အာသဘံ=ဥသဘ၏အဖြစ်၊ အာရိသျံ=ရသေ့၏အဖြစ်။)

(၅၅၅) သရ, ဏျ, ရှိ၊ လာဘိ-သ, သာ၊ မနောမှာ၊ သြ, လာ- ဗျည်းနှောင်းငြား။

(မာနသံ=စိတ်၌ဖြစ်သည်၊ သောမနဿံ=ဝမ်းမြောက်သူ၏အဖြစ်၊ မနောမယံ=စိတ်ဖြင့်ပြီးသည်၊ မနောဓာတု=မနောဓာတ်။)

(၅၅၆) ဘာဝ, ကမ္မ၊ နှစ်နက်ပြ၊ သက်ကြ-ဏီ, ပစ္စည်း။

(ပါရမီ=သူမြတ်တို့၏အဖြစ်အမှု၊ သာမဂ္ဂီ= ညီညွတ်သည်၏အဖြစ် အမှု၊ ပါရိပူရီ=ပြည့်စုံသည်၏အဖြစ်။)

(၅၅၇) တာ, နှင့်-ဏီ, မှာ၊ ကြိတ္တိသာ၊ ကြွင်းမှာ-နပုန်းများ သတည်း။

**ဘာဝတဒ္ဓိတပြီး၏။**

-------- * -------

(၅၅၈) အတိဿယံ၊ ဝိသေသံ၊ သက်ရန်ပစ္စည်းများ။
(၅၅၉) တရ, တမ၊ ဣသိက၊ ဣယ, ဣဋ္ဌ, ငါး။

(ပါပတရော၊ ပါပတမော၊ ပါပိယော၊ ပါပိဋ္ဌော၊ ပါပိသိကော= အလွန်အကြူးအထူးယုတ်မာသည်။)

(၅၆၀) ဣယ, ဣဋ္ဌ၊ နှောင်းတုံက၊ ဝုဒ္ဓ, ပသတ္ထာ,။
(၅၆၁) ဇေယျ, ဇေဋ္ဌ၊ သေယျ, သေဋ္ဌ၊ ပြီးပြန်ရ၊ အတ္တ-ကြီးမြတ်သာ။
(၅၆၂) ဣယ, ဣဋ္ဌ၊ နှောင်းတုံက၊ အပ္ပ, ယုဝ, မှာ။
(၅၆၃) ကဏိယ, ကဏိဋ္ဌ၊ ပြီးပြန်ရ၊ အတ္တ-အငယ်သာ။
(၅၆၄) ဣယ, ဣဋ္ဌ၊ နှောင်းတုံက၊ န္တု, ဝီ, ကြေသမှု။
(၅၆၅) မေဓိယ, မေဓိဋ္ဌ၊ သတိယ, သတိဋ္ဌ၊ ဂုဏိယ, ဂုဏိဋ္ဌ၊ ခြောက်ပဒ၊ မုချပြီးသမှု။

## ဝိသေသတဒ္ဓိတ်ပြီး၏။

-------- ✳ --------

(၅၆၆) မေဓာ, မာယာ၊ သဒ္ဒါနှစ်ဒွိ၊ အဿတ္ထိ၊ သက်ဘိ-ဝီ, ပစ္စည်း။

(မေဓာဝီ=ပညာရှိသည်၊ မာယာဝီ= လှည့်ပတ်ဉာဏ်ရှိသည်၊ ဣယ၊ ဣဋ္ဌ၊ နှောင်းရာ၌၊ မေဓိယော၊ မေဓိဋ္ဌော=ပညာရှိအပေါင်းတို့ထက် လွန်ကဲသောပညာရှိ။)

(၅၆၇) တပ, ယသ၊ တေဇ, နောက်မှီ၊ အဿတ္ထိ၊ သက်ပြီ-သီ, ပစ္စည်း။

(တပဿီ=အကျင့်ရှိသည်၊ ယသဿီ=အခြံအရံရှိသည်၊ တေဇဿီ=တန်ခိုးရှိသည်။)

(၅၆၈) အဝဏ်, နောင်မှ၊ အဿ, အတ္ထိ၊ သက်တုံဘိ၊ ဣက, ဤ, ပစ္စည်း။

(ဒဏ္ဍိကော၊ ဒဏ္ဍီ= တောင်ဝှေးရှိသောသူ၊ မာလိကော၊ မာလီ=ပန်းရှိသောသူ။)

(၅၆၉) အဝဏ်, နောက်မှ၊ အဿတ္ထ၊ ဝန္တု, ပစ္စည်းတည်း။

(၅၇၀) န္တု, နှောင်းတုံမူ၊ ဒီဃ, စု၊ ပြုလေ-ရဿချည်း။

(ဂုဏဝါ= ဂုဏ်ရှိသောသူ၊ ပညဝါ= ပညာရှိသောသူ။)

(၅၇၁) ဣဝဏ်, ဥဝဏ်၊ သြကာရန်မှ၊ အဿတ္ထ၊ မန္တု, ပစ္စည်းသက်။

(သတိမာ=သတိရှိသောသူ၊ မိတိမာ= ပညာရှိသောသူ၊ စက္ခုမာ=မျက်စိရှိသောသူ၊ ဂေါမာ=နွားရှိသောသူ)

(၅၇၂) မန္တု, နှောင်းမူ၊ အာယု-ဥ၊ ပြုလေ-အသ, တည်း။
(အာယသ္မာ= ရှည်သော အသက်ရှိသောသူ။)

(၅၇၃) ပါပ, အာဒိ၊ အဿတ္ထိ၊ ဣမန္တု, ပစ္စည်း။

(ပါပိမာ= မကောင်းမှုရှိသောသူ၊ စန္ဒိမာ= လနတ်သား။)

(၅၇၄) အဝဏ်, နှင့်-ဣ၊ အဿတ္ထိ၊ သက်ဘိ- ဏ, ပစ္စည်း။

(ဖလော=အသီးရှိသောသစ်ပင်၊ သဒ္ဓေါ=သဒ္ဓါရှိသောသူ၊ သတော=သတိရှိသောသူ။)

(၅၇၅) သ, ရ, အာလ၊ ဣလ, ဝ၊ တ, အသတ္ထိ-ချည်း။

(လောမသော=အမွေးရှိသောသတ္တဝါ၊ မဓုရော=ချိုသောအရသာရှိသည်၊ ဝါစာလော=များသောစကားရှိသော သူ၊ ဇဋိလော=ဆံကျစ်ရှိသောသူ၊ ကေသဝေါ=ရှည်သောဆံရှိသောသူ၊ ပဗ္ဗတော=အဆစ်အဖုရှိသောတောင်။)

**အသတ္ထိ, တဒ္ဓိတ်ပြီး၏။**

------ * ------

(၅၇၆) ပကတ, နိဗ္ဗတ္တ၊ သကတ္ထ၊ မယ, ပစ္စည်းတည်း။

(သုဝဏ္ဏမယံ= ရွှေဖြင့်အထွေအထူးပြုအပ်သောဝတ္ထု၊ ဂေါမယံ= နွားမှဖြစ်သောဝတ္ထု၊ ဒါနမယံ=ဒါနကုသိုလ်)

**ပကတ, တဒ္ဓိတ်ပြီး၏။**

-------- * -------

(၅၇၇) ဒွိ, ဒု, ဒွ, ဒွါ၊ ဒွေ, ဒေါ, ဗာ၊ သချျာ-ဒွိ, ကိုပြု။
(၅၇၈) တိ, ကို-တေ, တ၊ စာ, စု, စ၊ ပန္န, ပဉ်, ကိုပြု။
(၅၇၉) ဆ, ကို-သော, သ၊ ဒသ်, ၏-ဒ၊ ရ, လ,-ဠ, အပြု။
(၅၈၀) ဧက, အဋ္ဌ၊ အာ, ပြုရ၊ သေသ-ရုပ်မြင်ရှု။

(ဧကာဒသ၊ ဧကာရသ= ၁၁၊ ဒွါဒသ၊ ဗာရသ= ၁၂၊ တေရသ၊ တေလသ=၁၃၊ စုဒ္ဒသ၊ စောဒ္ဒသ= ၁၄၊ ပန္နရသ= ၁၅၊ သောဠသ= ၁၆၊ သတ္တရသ=၁၇၊ အဋ္ဌာရသ=၁၈၊ နဝဒသ= ၁၉၊ ဝီသ၊ ဝီသတိ= ၂၀၊ တိံသ၊ တိံသတိ= ၃၀၊ စတ္တာရီသ၊ စတ္တာလီသ၊ တာလီသ= ၄၀၊ ပညာသ၊

ပဏ္ဏာသ= ၅၀၊ သဋ္ဌိ= ၆၀၊ သတ္တတိ= ၇၀၊ အသီတိ= ၈၀၊ နဝုတိ= ၉၀၊ သတံ=တစ်ရာ၊ သဟဿံ= တစ်ထောင်၊ ဒသသဟဿံ=တစ်သောင်း၊ သတသဟဿံ= တစ်သိန်း၊ ဒသသတသဟဿံ= တစ်သန်း၊ သင်္ချာအစဉ်။ ။ ဆောင်ပုဒ်။

ဒွါဝီသ၊ ဗာဝီသ= ၂၂၊ ဒွတ္တိံသ၊ ဗာတ္တိံသ= ၃၂၊ ဒွါစတ္တာလီသ၊ ဗာစတ္တာလီ၊ ဒွေစတ္တာလီသ= ၄၂၊ ဒွိပညာသ၊ ဒွေပညာသ= ၅၂၊ ဒွါသဋ္ဌိ၊ ဒွေသဋ္ဌိ= ၆၂၊ ဒွါသတ္တတိ၊ ဒွေသတ္တတိ= ၇၂၊ ဒွါသီတိ= ၈၂၊ ဒွါနဝုတိ၊ ဒွေနဝုတိ= ၉၂၊ တေဝီသ= ၂၃၊ တေတ္တိံသ= ၃၃၊ တေစတ္တာလီသ= ၄၃၊ တေပညာသ= ၅၃၊ တေသဋ္ဌိ= ၆၃၊ တေသတ္တတိ= ၇၃၊ တေ အသီတိ= ၈၃၊ တေနဝုတိ= ၉၃၊ ဒွေ=နှစ်ခုကုန်သော၊ သတာနိ= အရာတို့သည်၊ ဒွိသတံ=နှစ်ရာ၊ တိသတံ=သုံးရာ၊ နဝသတံ=ကိုးရာ။ ။ ဒွေ= နှစ်ခုကုန်သော၊ သဟဿာနိ= ထောင်တို့သည်၊ ဒွိသဟဿံ=နှစ်ထောင်၊ တိသဟဿံ=သုံးထောင်။ လ ။ နဝသဟဿံ=ကိုးထောင်၊ ဝီသတိ သဟဿံ=နှစ်သောင်း၊ တိံသတိသဟဿံ=သုံးသောင်း၊ စတ္တာလီသ သဟဿံ=လေးသောင်း၊ ပညာသသဟဿံ= ငါးသောင်း၊ သဋ္ဌိသဟဿံ= ခြောက်သောင်း၊ သတ္တတိ သဟဿံ=ခုနစ်သောင်း၊ အသီတိသဟဿံ= ရှစ်သောင်း၊ နဝုတိသဟဿံ=ကိုးသောင်း။ အထက်သိန်းသန်းတို့၌ ဤနည်းတူပွါးလေ။ ။ ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း။)

## မူလ, ဘုမ္မိပြီး၏။

------- ✳ ------

(ကောဋ္ဌိ=ကောဋ္ဌိဘုံလည်းကောင်း၊ ပကောဋ္ဌိ=ပကောဋ္ဌိဘုံ လည်းကောင်း၊ ကောဋ္ဌိပကောဋ္ဌိ=ကောဋ္ဌိကောဋ္ဌိ ဘုံလည်းကောင်း၊ နဟုတံ=လည်းကောင်း၊ နိန္နဟုတံ=လည်းကောင်း၊ အက္ခောဘဏီ=လည်း

ကောင်း၊ ဗိန္ဒု=လည်းကောင်း၊ အမ္ဗုဒ်=လည်းကောင်း၊ နိရမ္ဗုဒ်=လည်း ကောင်း၊ အဗဗံ=လည်းကောင်း၊ အဋ္ဋဋံ=လည်းကောင်း၊ အဟဟံ=လည်း ကောင်း၊ ကုမုဒ်=လည်းကောင်း၊ သုဂန္ဓိကံ=လည်းကောင်း၊ ဥပ္ပလံ=လည်း ကောင်း၊ ပုဏ္ဍရီကံ=လည်းကောင်း၊ ပဒုမံ=လည်းကောင်း၊ ကထာနံ=လည်း ကောင်း၊ မဟာကထာနံ=လည်းကောင်း၊ အသင်္ချေယျံ=အသင်္ချေယျဘုံ လည်းကောင်း။ ॥ အထက်ဘုံနှစ်ဆယ်တည်း။ ॥ မူလဘုံနှင့်ပေါင်း သော် ၂၁-ဘုံဖြစ်၏။)

(၅၈၁) မူလ-ကစ၊ ဘုံ-ဝီသ၊ ဒသ, စဉ်တိုင်းပွါး။
(၅၈၂) ထိုထိုဘုံမှာ၊ ခု, ဆယ်, ရာ၊ ငှာန-ခုနစ်ပါး။

(ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း။)

(၅၈၃) ခုနစ်ဌာန၊ နည်းမူလ၊ ဒသ, စဉ်တိုင်းပွါး။
(၅၈၄) အသင်္ချေဘုံ၊ အလွတ်ကြုံ၊ သူ့ဘုံတစ်မျိုးထား။
(၅၈၅) သင်္ချေကြီးငယ်၊ မဆုံးဖွယ်၊ အကျယ်နန္တများ။
(၅၈၆) နိရုတ္တိဒီပနီ၊ ကျမ်းမဟီ၊ ဤတွင်လွန်ခြားနား။
(၅၈၇) မိဿ, ဂုဏိတ,၊ သမ္ဗန္ဓ,၊ ကေတ, အနေက,။
(၅၈၈) ယော, မြှောက်, စပ်, မှတ်၊ များဟောလတ်, ငါးရပ် မျိုးသင်္ချာ။
(၅၈၉) ဧကာဒသ၊ မိဿက၊ ဂုဏ-ဒွိသတာ,။
(၅၉၀) ဒသသတ,၊ သဟဿ၊ ဂုဏိတ-ချည်းသာ။
(၅၉၁) စတုရာသီတိသဟဿ၊ ဤပဒ၊ သမ္ဗန္ဓသင်္ချာ။
(၅၉၂) သင်္ချာပိဋ္ဋက၊ မေရုစ၊ သင်္ကေတသင်္ချာ။
(၅၉၃) သတတေဇ,၊ အနေက၊ မှတ်ကြ-ငါးမျိုးသာ။

**သင်္ချာတဒ္ဓိတ်ပြီး၏။**

-------- * --------

(၅၉၄) ပြည့်ကြောင်းအမှန်၊ ပူရဏံ၊ သက်ရန်-ပစ္စည်းများ။
(၅၉၅) ဒွိ, တိ, နောက်မှာ၊ တီယ သာ၊ တ္ထ, ဋ္ဌာ,-စ, ဆ, မှ။
(၅၉၆) ပဉ္စာဒိ, မှာ၊ မ, လျှင်သာ၊ ဝီသာဒိ, နောက်အ။

(ဒုတိယော=နှစ်ခုမြောက်၊ တတိယော=သုံးခုမြောက်၊ စတုတ္ထော= လေးခုမြောက်၊ ပဉ္စမော=ငါးခုမြောက်၊ ဆဋ္ဌော၊ ဆဋ္ဌမော=ခြောက်ခု မြောက်၊ သတ္တမော=ခုနစ်ခုမြောက်။ စသည်တည်း။ ။ ဧကာဒသော= ဆယ့်တစ်ခုမြောက်၊ ဝီသော၊ ဝီသတိမော=နှစ်ဆယ်မြောက်။)

(၅၉၇) ဒိဝဍ္ဎ, ဒိယဍ္ဎ၊ နှစ်ပဒ၊ အဍ္ဎ, ဒုတိယမှပြီး။
(၅၉၈) အဍ္ဎတိယ၊ အဍ္ဎုတေယျ၊ နှစ်ပဒ၊ အဍ္ဎ, တတိယမှပြီး။
(၅၉၉) ပုဒ်-အဍ္ဎုဍ္ဎ၊ ဤပဒ၊ အဍ္ဎ, စတုတ္ထမှပြီး။

**ပူရဏ-တဒ္ဓိတ်ပြီး၏။**

--------- ✳ ---------

(၆၀၀) ဗဟု, ကတိ၊ ဧကာဒိ, မှ၊ ဝါရ-ဆိုတုံ၊ အကြိမ်ကြုံ၊ က္ခတ္တုံ- ပစ္စည်းချည်း။
(၆၀၁) ဝိဘာဂ, မှာ၊ ထိုနောင်သာ၊ ဓာ, ဇ္ဈံ, သော, ပစ္စည်း။
(၆၀၂) သဗ္ဗ, ညု, ဘယ၊ ဣတရ, နှင့်၊ ယ, တ, နောက်မှာ၊ ပကာရ, နက်၊ ဟောကိန်းထွက်၊ သက်လေ-ထာပစ္စည်း။
(၆၀၃) ကိံ, ဣမ, မှ၊ ပကာရ၊ သက်ကြ-ထံပစ္စည်း။
(၆၀၄) ထံ, နှင့်ပေါင်းပြန်၊ ကိံ, ဣမံ၊ ကထံ, ဣတ္ထံ, ပြီး။
(၆၀၅) ဝိစ္ဆာ, ဝိဘာဂ၊ ပကာရ, သက်ကြ- သော, ပစ္စည်း။

**အဗျယ- တဒ္ဓိတ်ပြီး၏။**

------- ✳ ------

(၆၀၆) သဗ္ဗာဒိ, မှ၊ အသဿ၊ ပရိမာန်၊ နှိုင်းရှည့်သံ၊ သက်ရန်-
တ္တက, ဝန္တု, တည်း။

(၆၀၇) ဝန္တု, နှောင်းက၊ အာ, ပြုရ၊ ဧတ, ဒွေးဘော်ချည်း။

(ယတ္တကံ=အကြင်မျှလောက် အတိုင်းအရှည်ရှိ၏၊ တတ္တကံ၊ ဧတ္တကံ၊ ကိတ္တကံ၊ ယာဝတ္တကံ၊ တာဝတ္တကံ=တို့၌၊ ယာဝ, တာဝ, နောင်-တ္တက, သက်၏၊ အချို့၌-တ, တစ်ခုကျေ၏၊ အာ, ပြုရာ၏၊ သဗ္ဗာဝန္တံ=အလုံးစုံအတိုင်းအရှည်ရှိ သော၊ လောကံ=ကို၊ ပဿတိ= ၏။)

**ပရိမာန-တဒ္ဓိတ်ပြီး၏။**

------ * ------

(၆၀၈) ပဋိ ဘာဂ၊ ကာရုည, နှင့်၊ ကူဋ္ဌ, နိန္ဒာ၊ သညာ, သကတ်၊
နက်ခြောက်ရပ်၊ မှတ်လေ-က, ပစ္စည်း။

(၆၀၉) သမာသ်, တဒ္ဓိတ်၊ ကိတ်, ၏နောက်ပေ၊ စကားပြေ၊
သက်လေ-က, ပစ္စည်း။

(၆၁၀) မဖြစ်စဘူး၊ အဖြစ်ကြူး၊ အထူးအဗ္ဘူတ။

(၆၁၁) ဘူ, နှင့်-အသ၊ ကရ, ယှဉ်လတ်၊ အဗ္ဘူတနက်၊ သကတ်
နက်၊ သက်လေ-ဝီ, ပစ္စည်း။

(၆၁၂) အချို့ကျေလျှင်း၊ အချို့ကြွင်း၊ ခေါ်ရင်း-ဧကေသိသ်။

(၆၁၃) သဒ္ဒါတစ်ချက်၊ အနက်များစွာ၊ ဟောစိမ့်ငှါ၊ ပြုပါ-
ဧကေသိသ်။

(၆၁၄) သုတိ, အားမူ၊ တူ, မတူ၊ တစ်စိတ်တူ၊ ခွဲယူဧကေသိသ်။

(ပုရိသောစ=ယောကျ်ားလည်း၊ ပုရိသောစ=ယောကျ်ားလည်း၊ ပုရိသာ=ယောကျ်ားတို့၊ ပုတ္တောစ=သားလည်း၊ ဓိတာစ=သမီးလည်း၊ ပုတ္တာ=သားသမီးတို့၊ နာမဉ္စ=နာမ်လည်း၊ ရူပဉ္စ=ရုပ်လည်း၊ နာမရူပဉ္စ=နာမ်ရုပ်

နှစ်ပါးစုံလည်း၊ နာမရူပံ=နာမ်ရုပ်နှစ်ပါးစုံ။)

**ကေသိသ်ပြီး၏။**

-------- ✳ --------

(၆၁၅) သဒ္ဒါ, နှစ်ချက်၊ အနက်များစွာ၊ နှံ့စိမ့်ငှါ၊ ဝိစ္ဆာ, ဒွေဘော်ပွါး။

(၆၁၆) ဒဗ္ဗ, ဂုဏာ၊ ကြိယာ၊ ဝိစ္ဆာ-သုံးမျိုးပြား။

(ဂါမေ ဂါမေ=ရွာတိုင်းရွာတိုင်း၊ ဇလံ=ရေသည်၊ အတ္ထိ= ရှိ၏၊ ဂါမော ဂါမော=ရွာတိုင်းရွာတိုင်း၊ ရမဏီယော=မွေ့လျော်ဖွယ်ရှိ၏၊ ဂါမော ဂါမော= ရွာတိုင်းရွာတိုင်း၊ ဂမျတေ=သိအပ်၏။)

**ဝိစ္ဆာပြီး၏။**

----- ✳ -----

(၆၁၇) အနက်တစ်ပါး၊ သဒ္ဒါပွါး၊ ခေါ်ငြားအာမေဍိတ်။

(၆၁၈) ကြောက်လန့်, အမျက်၊ ပူဆွေးချက်, နှင့်၊ အုပ်ကျက်, ဆောလျင်၊ ကြည်, ရွှင်, အံ့, ချီး၊ နှစ်ကြိမ်ပြီး၊ ရုပ်သီး အာမေဍိတ်။

(၆၁၈) ပိုဒ်ပေါင်း ကိုးဆယ်၊ လက်ာခြယ်၊ ဤဝယ်တဒ္ဓိတ်ပြီး။

**အာမေဍိတ်ပြီး၏။**

------- ✳ -------

# (၆) သမာသ်ပိုင်း

(၆၁၉) အနက်ဝိဘတ်၊ ပြားလတ်တုံငြား၊ ပုဒ်အများကို၊ မပြားစေဘဲ၊ ပုဒ်ချင်းတွဲ၊ ခေါ်မြဲ-သမာသ်ပေ။

(၆၂၀) ဗဟုဗ္ဗီဟိ, တပ္ပုရိ၊ ဗျယိ, ဒွန်လေးထွေ။

(၆၂၁) အနက်သင့်မြတ်၊ ပုဒ်ဝိဘတ်၊ သမာသ်တွင်းမှာကြေ။

(၆၂၂) ပုဒ်ချင်းစပ်နည်း၊ သမာသ်ပြီးက၊ အရ သရုပ်၊ အညပုဒ်၊ ဗဟုဗ္ဗီဟိပေ။

(၆၂၃) အည ပုဒ်ဝယ်၊ ခုနစ်သွယ် ဝိဘတ်၊ ထင်တုံလတ်၊ သမာသ်ခုနစ်ထွေ။

(၆၂၄) ဒွိ, တိ, ပဒါ၊ ဘိန္နာဓိကရဏာ၊ သင်္ချာဘ, နှင့်၊ ဗျတိဟာရံ၊ ဒိသန္တရာ၊ ဥပမာပုဗ္ဗ၊ သဟ, န, ကု၊
ပုဗ္ဗ, စု၊ ဆယ်ခု-ပြားတုံပေ။

(၆၂၅) နှစ်, သုံး, ပုဒ်ရှိ၊ တွဲယှက်ဘိ၊ ဒွိ, တိ, ပဒတည်း။

(၆၂၆) ဝိဘတ်နှစ်ဖြာ၊ မတူပါ၊ ဘိန္နာဓိကရဏာ။

(၆၂၇) ဝါ, အနက်၌၊ နှစ်ချက်သင်္ချာ၊ တွဲယှက်လာ၊ သင်္ချာဥဘယ။

(၆၂၈) သမာသ်ပုဒ်-ဒွိ၊ ဆန့်ကျင်ဘိ၊ ဗျတိဟာရလက္ခဏာ။

(၆၂၉) သမာသ်-ဒိသံ၊ ထောင့်-အညံ၊ ဒိသန္တရာဠတ္ထ, တည်း။

(၆၃၀) ပုဒ်ဥပမာ၊ ရှေးရှိလာ၊ ဥပမာပုဗ္ဗ, တည်း။

(၆၃၁) သဟ, ကု, န၊ ရှေးရှိက၊ သဟပုဗ္ဗ, စသည်တည်း။

(၆၃၂) အတဂ္ဂုဏံ၊ တဂ္ဂုဏံ၊ သံဝိညာဏ-ဒွိ။

(၆၃၃) သမာသ်-အနက်၊ အည-နက်တွင်၊ မဝင်, ဝင်၊ နှစ်ပြင်ခွဲဝေသိ။

(၆၃၄) အည-ပုဒ်၏၊ လိင်, ဝုစ်, ဝိဘတ်၊ ယူမြဲမှတ်၊ သမာသ်-ဗဟုဗ္ဗီ။

**ဗဟုဗ္ဗီဟိပြီး၏။**

------- * -------

(၆၃၅) နောက်ပုဒ်အရ၊ ပဓာန၊ သုံးဝ-တပ္ပုရိ။

(၆၃၆) ကမ္မဓာရည်း၊ ဒိဂု, လည်း၊ တသီး-အမာဒိ။

(၆၃၇) ဝိသေသန၊ ဝိသေသျ၊ ပဒ-နှစ်မူ၊ အနက်တူ၊ မှတ်ယူ-ကမ္မဓာရည်း။

(၆၃၈) စ, တ, ယှဉ်မှု၊ မယှဉ်မှု၊ နှစ်ခုဝိဂ္ဂြိုဟ်နည်း။

(၆၃၉) ရှေ့နေ, နောက်နေ၊ အစုံနေ၊ ဝိသေသန-သုံး။

(၆၄၀) ရှေ့နောက်, နှစ်ဖြာ၊ ဥပမာ၊ လျော်ရာယှဉ်မြဲထုံး။

(၆၄၁) ဣတိ, သဒ္ဒါ၊ ဟုတ္တာ, ဘူတ၊ သင်္ခါတ၊ ယှဉ်က-သမ္ဘာဝနာ။

(၆၄၂) ဧဝ, သဒ္ဒ၊ ယှဉ်တုံက၊ အဝဓာရဏာ။

(၆၄၃) ဒွိ, တိ, ပဒ၊ ကု, န, ပါဒိ၊ ရှေ့ပုဒ်ရှိ၊ ခေါ်ဘိ- ထိုသညာ။

(၆၄၄) သမာသ်-နှစ်ပုဒ်၊ လိင်, နှင့်-ဝုစ်, မူ၊ မတူလည်းရှိ၊ တူလည်းရှိ၊ ဝိဘတ်မကွဲရာ။

**ကမ္မဓာရည်းပြီး၏။**

------- * -------

(၆၄၅) သင်္ချာရှေးရှိ၊ နက်တူဘိ၊ ဒိဂု, အမည်ပေး။

(၆၄၆) အသမာဟာ၊ သမာဟာ၊ နှစ်ဖြာ-ဒိဂုဒွေး။

(၆၄၇) နပုန်းသကာ၊ ဆုံးသည်မှာ၊ သမာဟာရ, တည်း။
(၆၄၈) တိလိင်, အနေကာ၊ ဆုံးသည်မှာ၊ အသမာဟာရ, တည်း။

**ဒိဂုပြီး၏။**

------- * -------

(၆၄၉) ဝိဘတ် ခြောက်ထွေ၊ ရှေ့ပုဒ်နေ၊ ခြောက်ထွေ-အမာဒိ။
(၆၅၀) ဣတိ, ကြေရာ၊ ရှေ့ပုဒ်မှာ၊ ပထမာလည်းရှိ။
(၆၅၁) ဝိဘတ်အနက်၊ အများထွက်၊ ပြားချက်-အမာဒိ။

**အမာဒိပြီး၏။**

**တပ္ပုရိသ်သမာသ်ပြီး၏။**

-------- * --------

(၆၅၂) နိပါတ်, ဥပသာ၊ ရှေ့ပုဒ်လာ၍၊ ရှေ့သာ-အတ္ထ၊ ပြဋ္ဌာန်းလှဘိ၊ အဗျယိ၊ လိင်ရှိ-နပုန်းတည်း။
(၆၅၃) ဝိဘတ်ခုနစ်ထွေ၊ နောက်ပုဒ်နေ၊ ပြားလေ-ခုနစ်တည်း။
(၆၅၄) ဥပသာရှေး၊ နိပါတ်ရှေး၊ ပြားရေး-နှစ်ထွေတည်း။
(၆၅၅) ဒီဃ, ငါးထွေ၊ အဆုံးနေ၊ ပြုလေ-ရဿ, ချည်း။
(၆၅၆) အ, မှ-မှောက်တုံ၊ ဝိဘတ်ကြုံ၊ အကုန်-အံ, ချည်းပြု။
(၆၅၇) ဣ, ဥ, နောက်တုံ၊ ဝိဘတ်ကြုံ၊ အကုန်ကြေသမှု။
(၆၅၈) လိင်, ဝိဘတ်, ဝုစ်၊ ပြားမလှုပ်၊ ရုပ်နေမြဲတစ်ခု။

**အဗျယီဘောပြီး၏**

-------- * --------

(၆၅၉) ပုဒ်တိုင်းပထမာ၊ စ, ယှဉ်ကာ၊ ဆည်းရာ-ဒွန်သမာသ်။

(၆၆၀) သမုစ္စယာ၊ အန္ဘာစယ၊ ဟာရ, နှစ်ချက်၊ လေးမျိုးထွက်၊ အနက်ဆည်းရိုးမှတ်။
(၆၆၁) ဝါကျဦးသာ၊ ရှေ့နှစ်ဖြာ၊ ဟာရ-နှစ်သမာသ်။
(၆၆၂) နပုန်းဧကာ၊ ဆုံးသည်မှာ၊ သမာဟာရ, မှတ်။
(၆၆၃) သတ္တ, အင်္ဂါ၊ ယာဉ်, အင်္ဂါနှင့်၊ ရုက္ခာ, တိဏ၊ ပသု, စသာ၊ များလှကုန်စွာ၊ သမာဟာ၊ ကျမ်းလာ အစဉ်မှတ်။
(၆၆၄) ဣတရိတရ၊ ယောဂသညာ၊ အသမာ, နေကာတိလိင်မှတ်။

**ဒွန်သမာသ်ပြီး၏။**

**သမာသ်အပြား ၆-ပါးပြီး၏**

------- * -------

(၆၆၅) ယုတ္တ, အယုတ္တ၊ အလုတ္တ, နှင့်၊ လုတ္တ, နှစ်ဖြာ၊ နိစ္စာ, နိစ္စ၊ သဒ္ဒ, အတ္ထ၊ သဒ္ဒတ္ထ, တိ၊ အာဒိ, မဇ္ဈ၊ ဥတ္တရ, လောပီ၊ နှစ်သုံးလီ၊ ပြားသည်သမာသ်မျိုး။
(၆၆၆) အနက်မစပ်၊ သဒ္ဒါစပ်၊ သဒ္ဒ, အယုတ္တ,။
(၆၆၇) သဒ္ဒါမစပ်၊ အနက်စပ်၊ အတ္ထ, အလုတ္တ,။
(၆၆၈) အဗျယီ, နှင့်၊ နိပါတ်-ဥပသာရ၊ ရှေ့ပုဒ်ကျ၊ နိစ္စ, သမာသ်, တည်း။
(၆၆၉) ဥပပဒ၊ ကိတန္တ၊ နိစ္စ, သမာသ်တည်း။

**သမာသ်အပြားတစ်မျိုးပြီး၏။**

------ * ------

(၆၇၀) ဗဟုဗ္ဗီလဲ၊ ကမ္မဓာရဲ့ဝယ်၊ အမြဲ-က္ကတ္ထိ၊ တုလျတ်ရှိက၊ ဘာသိတ-ပုံး၊ က္ကတ္ထိဆုံး၊ ပုံးရှုပ်ဖြစ်စမြဲ။

(၆၇၁) န, သဟ, ကု၊ ရှေးပုဒ်စု၊ ပြုလေ-အ, သ, ကာ။

(၆၇၂) သရနှောင်းပြန်၊ န, ကို-အန်၊ ကံ, လည်း-ကု, ကိုသာ။

(၆၇၃) သန္တ, သမာန၊ ရှေ့ပုဒ်ကျ၊ သ, လည်းပြုအပ်စွာ။

(၆၇၄) က္ကကာရန္တ၊ နောက်ပုဒ်ကျ၊ အလည်းပြုအပ်စွာ။

(၆၇၅) အပြုအကြေ၊ အထွေထွေ၊ များလေရှေ့ပုဒ်မှာ။

(၆၇၆) လိင်, အန္တ, မှတ်၊ ထွေထွေညွှတ်၊ သမာသ်နောက်ပုဒ်မှာ။

(၆၇၇) သမာသ်တွင်း၌၊ ပုဒ်ချင်း ဓလေ့၊ အစဉ်ရွေ့၊ ရှေ့နောက်ပြန်သည်သာ။

(၆၇၈) နိပါတ်ရုဠှီ, နာမ်ရုဠှီနှင့်၊ အမည်, ဂုဏ်, ဇာတ်၊ ပုဒ်အာချာတ်၊ သမာသ်-ဝင်သည်သာ။

(၆၇၉) နိဒ္ဓါရဏ၊ ပူရဏ, နှင့်၊ နိဋ္ဌ, တစ်ရပ်၊ အယုတ္တတ်, သမာသ်မတွဲရာ။

(၆၇၉) ပိုဒ်ပေါင်းခြောက်ဆယ်၊ ကဗျာခြယ်၊ ဤဝယ် သမာသ်ပြီး။

**သဒ္ဒသံခိပ်သမာသ်ပြီး၏။**

------- ✳ -------

# (၇) ကာရကပိုင်း

(၆၈၀) အဖြောင့် မုချ၊ ဝတ်ဥပစာ၊ ဟောရိုးဖြာ၊ သဒ္ဒါ နှစ်ထွေပြား။

(၆၈၁) ဇာတ်, ဂုဏ်, ကြိယ၊ ဒြဗ်, နာမ၊ မုချငါးထွေပြား။

(၆၈၂) ကာရဏူ, နှင့်၊ ဖလူ, သဒိသ၊ ဌာန, ဌာနီ၊ ဂုဏီ, ဂုဏာ၊ သမူဟာ, ဝယဝ၊ သမီပ, နှင့်၊ ဘေဒ, ဘေဒူ၊ တဒ္ဓမ္မူ များထူ-ဥပစာ။

(၆၈၃) သကတ်, ဒြဗ်၊ လိင်, သုံးရပ်၊ ဟောလတ်-ပုဒ်သဒ္ဒါ။

(၆၈၄) သင်္ချာ, ကာရက၊ အကာရက၊ ဟောထ-ဝိဘတ်သာ။

(၆၈၅) ရုပ်ပြီး တစ်ပုဒ်၊ ငါးနက်ထုတ်၊ မုချ, ဥပစာ။

(၆၈၆) ဇာတ်, ဂုဏ်, ကြိယံ၊ ဒြဗ်, နာမံ၊ သမ္ဗန်, ခြောက်သကတ်။

(၆၈၇) ဇာတ်, ဂုဏ်, ကြိယ၊ ဒြဗ်, နာမ၊ ပြားထ-ငါးဒြဗ်။

(၆၈၈) ဝိသဒါ, ဝိသဒ၊ မဇ္ဈ, သုံးဖြာ၊ ခြင်းအရာ၊ သုံးဖြာ-လိင်ဟုမှတ်။

(၆၈၉) ကတ္တု, ကမ္မံ၊ ကရဏံ, နှင့်၊ သမ္ပဒါနာ၊ အပါဒါန၊ အာဓာရ၊ ကာရကဟုမှတ်။

(၆၉၀) လိင်္ဂတ်သမုတ်၊ အာလုပ်ကစ၊ ကြွင်းသမျှ၊ အကာရက မှတ်။

(၆၉၁) ဝိသေသန၊ သကတ္တ၊ ဒဗ္ဗဝိသေသျ, မှတ်။

(၆၉၂) ဝိသေသန၊ ဝိသေသျ၊ ပြားထ-နှစ်လိင်္ဂတ်။

(၆၉၃) ဥပသာရ၊ နိပါတ, နှင့်၊ လိင်္ဂတြိ၊ ပါဋိပဒိကာ၊ သင်္ချာ, ပရိမာန်၊ လေးတန်ဝုတ္တ၊ အာလုပ်, စသား၊ အနက်များ၊ သက်ပြားပထမာ။

**ပထမာပြီး၏။**

------ ✳ ------

(၆၉၄) ပြုအပ်, ရောက်အပ်၊ ပြီးစေအပ်, သံ၊ ကံအမည်ရှိ၊ ပကတိ, ဝိကတိ၊ နိဗ္ဗတ္တိ, နှင့်၊ ပတ္တိကမ္မ၊ အဝုတ္တ၊ သက်ထ-ဒုတိယာ။

(၆၉၅) ပဓာနာ, ပဓာန၊ ကထိန, ကထိန်၊ ကာရိုတ်ကံ, နှင့်၊ ဓာတ်ကံ, နှစ်ဖြာ၊ ပဓာနာ, နုယောဂ၊ အဝုတ္တ၊ သက်ထ-ဒုတိယာ။

(၆၉၆) ဒြပ်, ဂုဏ်, ကြိယာ၊ ကာလဒ္ဓါ, နှင့်၊ မခြာနိယံ၊ ယှဉ်မြဲမှန်၊ အစ္စန္တသံယောဂ။

(၆၉၇) တိုင် တိုင်, ပတ်လုံး၊ တိုင်အောင်, ဆုံး၊ ခေါ် ထုံးမြန်မာရ။

(၆၉၈) စွာဟု-ပေးတုံ၊ မုဒုံ ပစတိ၊ အစရှိ၊ ကြိယာဝိသေသန။

(၆၉၉) ခဏ, သမယ၊ ကာလ, ဒိသာ၊ စသည်မှာ၊ အာဓာရ, ဉ္ဓကျ။

(၇၀၀) ပုရတ္ထိမေန၊ စသည်အရှိ၊ အဘိတော, ပရိတော၊ ဥဘတော, ဂါမံ၊ အန္တရာ, ရံ၊ သမ္ဗန်, ၏ဟုကျ။

(၇၀၁) ဝိနာ, ညတြ၊ အန္တရေန၊ ဓိ, လျှင်စ၊ ယှဉ်က-ဒုတိယာ။

(၇၀၂) အာ, အနု, ဓိ၊ အဘိ, ဥပ၊ အာဓာရမှာ၊ ဒုတိယာတည်း၊ ပဋိဘာတိ၊ ယှဉ်တုံဘိ၊ မြဲ၏-ဒုတိယာ။

(၇၀၃) ကြိယာ ဝိသေသ၊ ဟောကြသမျှ၊ ဥပသာရ၊ အဘိ-စ၊ ကမ္မပ္ပဝစနီယသညာ။

(၇၀၄) အဘိ, ပရိ၊ ပတိ, အနု၊ ဥပစု၊ ခေါ်မှု-ထိုသညာ။

(၇၀၅) ဣတ္ထမ္ဘူတ၊ လက္ခဏ, ဝိစ္ဆာ၊ ဘာဂ, သဟ၊ ဟီန, ထွေထွေ၊ ထွန်းတုံပေ။ သက်လေ-ဒုတိယာ။

**ဒုတိယာ ရာသီပြီး၏။**

------ * ------

(၇၀၆) ပြီးစေတတ်သံ၊ ကတ္တားမှန်၏၊ သယံ, ဟေတု၊ ကမ္မ, ဟု၊ သုံးခု-ပြားသည်ဟူ။

(၇၀၇) ပယော ဇကာ၊ ပယောဇ္ဇာ, နှင့်၊ ကာရိုတ်ကတ္တား၊ ခါတ်ကတ္တား၊ နှစ်ပါး-အစုံတူ။

(၇၀၈) ပကတိ, ဝိကတိ၊ ရှိလေသမျှ၊ အဝုတ္တ၊ သက်ကြ-တတိယာ။

(၇၀၉) ပြုကြောင်း ဟူလစ်၊ ကရိုဏ်းနှစ်၊ အဓ္ဓ, ဗာဟိ၊ ထိုနှစ်လီ၊ သက်ပြီ-တတိယာ။

(၇၁၀) ကြောင့်, ပေးတုံက၊ ဟိတ်ခေါ်ရ၏၊ ဇနက, မှန်၊ သမ္ပါပက,၊ ဉာပက, ဟု၊ ဟိတ်သုံးခု၊ သက်မှု-တတိယာ။

(၇၁၁) ပေါင်းယှဉ်တုံက၊ သဟတ္ထတည့်၊ ဒဗ္ဗ, ဂုဏ၊ ကြိယာ, ဟု၊ သုံးခုအပြား၊ ယှဉ်ငြား-သဟ၊ သဒ္ဒိံ, စ၊ သက်ကြ-တတိယာ။

(၇၁၂) အထူးဖြစ်ဟန်၊ သိကြောင်းမှန်၊ ဣတ္ထမ္ဘူတလက္ခဏ။

(၇၁၃) ချို့တဲ့ကြန်အင်၊ သိကြောင်းဆင်၊ အင်္ဂဝိကာရ။

(၇၁၄) ကိစ္စ, လျင်စွာ၊ ပြီးမှုမှာ၊ ကြိယာပဝဂ္ဂ။

(၇၁၅) အားဖြင့်ပေးမှု၊ အထူးပြု၊ ခေါ်မှု-ဘိန္နာဓိကရဏ ဝိသေသနတည်း။

(၇၁၆) ဒဗ္ဗ, ကြိယာ၊ နှစ်ဖြာတို့အား၊ ထူးပြုခြား၊ နှစ်ပါးခွဲဝေရာ။

(၇၁၇) ကတ္တုမှုတ၊ စသည်ငါးဆင့်၊ အနက်-ဖြင့်၊ သက်သင့်,-တတိယာ။

(၇၁၈) ပဥ္စမီချက်၊ မှ, ပေးနက်၊ သက်လေ-တတိယာ။

(၇၁၉) ခဏ, သမယ၊ ကာလ, ဒိသာ၊ အဒ္ဓါ, ကစ၊ အာဓာရ၊ သက်ကြ-တတိယာ။

**တတိယာ ရာသီပြီး၏။**

------- * -------

(၇၂၀) ဝတ္ထု, ကြိယာ၊ နှစ်ဖြာအခံ၊ သမ္ပဒါန်၊ သက်ရန်-စတုတ္ထီသာ။

(၇၂၁) အာဓာရက၊ အဇ္ဈနုညာ၊ အနိရာကတ္တု၊ သုံးပါးစု၊ ဟောတုသမ္ပဒါ။

(၇၂၂) ဒါ, နှင့်-ရုစ၊ ဓာရ, တလီ၊ သိလာဃာဒိ၊ အယျဉ်သိ၊ များဘိအဖြာဖြာ။

(၇၂၃) တဒတ်, တုမတ်၊ ငှါ-ပေးလတ်၊ နှစ်ရပ်-ပယောဇနာ။

(၇၂၄) စတုတ္ထီ-သာ၊ ထွံ, အာယ၊ ပြုကြ-ငှါပေးရာ။

(၇၂၅) ဂတျတ္ထကံ၊ ချတ္ထကံ၊ ဤနှစ်တန်၊ ကံ၌-စတုတ္ထာ။

(၇၂၆) ကံ, အစွန်, ငြား၊ ကတ္တား, ဟိတ်, မှန်၊ အပါဒါန်, နှင့်၊ သမ္ဗန်, အာဓာရ၊ အချို့မျှ၊ သက်ကြ စတုတ္ထာ။

(၇၂၇) ယင်း အနက်စု၊ အာယ, ပြု ထင်မှု-ကျမ်း၌လာ။

**စတုတ္ထီ ရာသီပြီး၏။**

------ * ------

(၇၂၈) မှ, အောက်, ထက်, သာ၊ ဖဲကြဉ်ရာ၊ အပါဒါန်ဟုသိ။

(၇၂၉) ယင်း၏စပ်ရာ၊ ကြိယာ၊ ဝိသယာဟူဘိ။

(၇၃၀) နိဒ္ဒိဋ္ဌ ဝိသယ၊ ဥပ္ပါဒျ ဝိသယာ၊ နုမေယျာ၊ ပါဒါန်-
သုံးမျိုးရှိ။

(၇၃၁) ဝဇ္ဇနတ္ထ၊ အပ, ပရိ၊ ယှဉ်တုံဘိ၊ သိလေ-ပဉ္စမီ။

(၇၃၂) ရိတေ, ရဟိတာ၊ ဝိနာ, အညတြ၊ ပုထ, အာရာ၊
အာရကာ, တို့၊ ယှဉ်လာသမျှ၊ ထိုပဒ၊ သက်ကြ ပဉ္စမီ။

(၇၃၃) အဘိဝိဓိ၊ မရိယာဒ၊ ယာဝနှင့်အာ၊ တိုင်အောင်သာ
တည့်၊ ကြိယာမဇ္ဈ၊ ကာရကမဇ္ဈေ၊ အထွေထွေ၊
သက်လေ-ပဉ္စမီ။

(၇၃၄) အောက်, ထက်, ပေးရာ၊ ဦနာ, ဓိက,၊ ဝိဘတ္တမှန်၊
အပါဒါန်၊ သက်ရန်-ပဉ္စမီ။

(၇၃၅) ဒူရန္တိက၊ စသည်ယှဉ်ရာ၊ အဖြာဖြာ၊ သက်ရာ-ပဉ္စမီ။

(၇၃၆) ကြောင့်, ဟုပေးရ၊ ကာရဏ၊ သက်ကြ-ပဉ္စမီ။

(၇၃၇) တတိယာနက်၊ ဟောပုဒ်ထွက်၊ သက်လေ-ပဉ္စမီ။

**ပဉ္စမီရာသီပြီး၏။**

----- * -----

(၇၃၈) သမ္ဗန္ဓီချင်း၊ ငဲ့တုံလျှင်း၊ စပ်ခြင်းသမ္ဗန်ဟူ။

(၇၃၉) ဝိသေသျ၊ နောက်ပဒ၏၊ ဘေဒအပြား၊ ခွဲတုံငြား၊
များလှသမ္ဗန်မူ။

(၇၄၀) သံ, နှင့်-သာမိ,၊ သမီပ, ဟူ၊ သမူဟာ, ဝယဝ,၊ ဝိကာရ,
နှင့်၊ ဌာန, ဌာနီ,၊ ကာရိ, ကာရိယ,၊ ဇနက, ဇည,၊ ဖလ,
ဟေတု,၊ ဂုဏ, အဝတ္ထာ,၊ စသည်မှာ၊ အရာမကဟူ။

(၇၄၁) သမ္ဗန်-နှစ်ထွေ၊ ထွန်းပြစေဘို့၊ ဝိသေသန၊ ရှေ့ပဒ၊ သက်ကြ-ဆဋ္ဌီတည်း။

(၇၄၂) ဏ, ယု, တိ, တ,၊ ဘော၌ကျ၊ ကွစိ-ဆဋ္ဌီကတ္တားတည်း။

(၇၄၃) အဓိကရဏ၊ သက်သည်-တ,၊ နိစ္စ-ဆဋ္ဌီကတ္တားတည်း။

(၇၄၄) တျာဒိ, မတိ,၊ ပူဇာဒိ-တ,၊ ကံ၌ကျ၊ ကွစိ-ဆဋ္ဌီ ကတ္တားတည်း။

(၇၄၅) ဏ, ယု, တိ, တ,၊ ဘော၌ကျ၊ ကွစိ-ဆဋ္ဌီကံ။

(၇၄၆) ဏီ, ဏွု, တု,၊ ယှဉ်တုံမူ၊ ဗဟု-ဆဋ္ဌီကံ။

(၇၄၇) ကရဏာ, ဓိကရဏ,၊ ဘော, ယှဉ်က၊ ကွစိ-ဆဋ္ဌီကံ။

(၇၄၈) စိန္တ, သရ,၊ ယှဉ်တုံက၊ ကွစိ-ဆဋ္ဌီကံ။

(၇၄၉) ပူရဓာတု,၊ ယှဉ်တုံမူ၊ ဗဟု-ဆဋ္ဌီကရိုဏ်းတည်း။

(၇၅၀) ယဇ, ဇုဟ,၊ သုဟိတ, နှင့်၊ တိတ္တ, ပုဒ်စု၊ ယှဉ်တုံမူ၊ ဗဟု-ဆဋ္ဌီကရိုဏ်းတည်း။

(၇၅၁) ဘီ, နှင့်-တသ,၊ ယှဉ်လက၊ ကွစိ-ဆဋ္ဌီပါဒါန်တည်း။

(၇၅၂) အောက်ထက်ပေးရ၊ ဝိဘတ္တ၊ ကွစိ-ဆဋ္ဌီပါဒါန်တည်း။

**ဆဋ္ဌီ-ရာသီပြီး၏။**

------ * ------

(ဗျာပိကာဓာရ၊ ဩပသိလေသိကာဓာရ၊ ဝေသယိကာဓာရ၊ သာမီပိကာဓာရ။ ။ ဆောင်ပုဒ်။)

(၇၅၃) နံ့ရာ, ငြိရာ,၊ ကျင်လည်ရာ,၊ နီးရာ, လေးဌာန။

(၇၅၄) ကြိယာ၏၊ မှီရာအမှန်၊ ကံ, နှင့်-ကတ္တား,၊ တည်ရာငြား၊ လေးပါးအာဓာရ။

(၇၅၅) အဓိကရဏ,၊ ဩကာသ,၊ ဓာရ-ခေါ်သုံးလီ။

(၇၅၆) လေးပါးထိုမှ၊ အာခ၁ရ၊ သက်ကြ-သတ္တမီ။
(၇၅၇) လက္ခဏဝန္တ,၊ လက္ခဏ, နှင့်၊ လက္ချ, လက္ချဝန်,၊ ဤလေးတန်၊ ဝေဖန်သိရမည်။
(၇၅၈) ကြောင့်, ဟုပေးရ၊ နိမိတ္တ၊ သက်ရသတ္တမီ။
(၇၅၉) ဂဟာဒိ-ကံ,၊ သမွဒါန်, နှင့်၊ ပါဒါန်, ကရဏ,၊ အချို့မျှ၊ သက်ကြ-သတ္တမီ။

**သတ္တမီရာသီပြီး၏။**

-------- * --------

(၇၆၀) စဉ်, လျက်, ခေါ်ဘိ၊ ကြိယာနှစ်ချက်၊ လုယက်ခြင်းရာ၊ ပြိုင်သည်မှာ၊ အနာဒရမည်။
(၇၆၁) အနာဒရိယ,၊ နာဒရနှင့်၊ ဝန္တ-နှစ်ရပ်၊ ဝေဖန်အပ်၊ ဆဋ္ဌီ-သတ္တမီ။
(၇၆၂) တွင်, ဟုပေးပြန်၊ နိဒ္ဓါရဏ်, တည့်၊ ဇာတ်, နာမ်, ဂုဏ,၊ ကြိယ,၊ ဘေဒ-ပြားလေးလီ။
(၇၆၃) သာမိ, ဣဿရ,၊ ကုသလ၊ ကောဝိဒ,၊ စသည်ယှဉ်လတ်၊ ကံလည်းမှတ်၊ ဆဋ္ဌီ-သတ္တမီ။

**ဆဋ္ဌီ, သတ္တမီရာသီပြီး၏။**

------- * -------

(၇၆၄) ဟေတု, နိဒါန၊ စသည်ယှဉ်ဖက်၊ ဟိတ်အနက်၊ သက်လေ-ဝိဘတ်ကုန်။
(၇၆၅) တော, ပစ္စည်းချက်၊ ဝိဘတ်နက်၊ သက်လေ-အလုံးစုံ။
(၇၆၆) ထသော, သော, ဟု၊ ခေါ်မှုမြန်မာ၊ ပုဒ်သညာ၊ တုလျာဓိကရဏ၊ ဝိသေသန-တည်း။

(၇၆၇) ပဓာန-နှင့်၊ အရတူစွာ၊ ထိုပုဒ်မှာ၊ ပဓာန-နည်းပြီး။

(၇၆၈) ဝိပလ္လာသ၊ နည်းခွဲကျမှု၊ သတ္တဝိဘတ်၊ အတ္ထအချက်၊ အကုန်သက်၊ အနက်မရွေးပြီ။

**ကာရက ပြီး၏။**

------- ✳ -------

(၁) ခုနစ်ရာ့ခြောက်ဆယ်၊ လက်ာခြယ်၊ ဤဝယ်ပြီးကဗျာ။

(၂) အင်္ဂ, သုဥ်, ဒွိ, ဧက်၊ သက္ကရာဇ်၊ ဖွားလစ်-ကျမ်းဆရာ။

(၃) မုံရွာလယ်တီ၊ တောရမ္မီ၊ မထေရ်ဉာဏ်ဓဇာ။

(၄) သော, ဆ, ဒွိ, ဧက်၊ သက္ကရာဇ်၊ ပြီးလစ်-ဆောင်း လယ်မှာ။

(၅) သဒ္ဒ သံခိပ်၊ ဘွဲ့တံဆိပ်၊ ခတ်နှိပ်မည်သညာ။

(၆) ကျမ်းဂန်ခပင်း၊ အနက်လင်း၊ နှုတ်တွင်းဆောင်သူမှာ။

(၇) ပညာဓိက၊ ဆုကြီးရ၊ အမျှ့ကိုးကွယ်ရာ။

(၈) ကျမ်းပြုပါရ၊ ဤပုညကြောင့်၊ ဒုက္ခခပ်သိမ်း၊ ငြိမ်းစေခလို၊ ဆုပန်ဆို၊ ဗိုလ်လူသတ္တဝါ။

(၉) အနာမျိုးကင်း၊ မိုးမင်းသည်းထန်၊ နိုင်ငံခပ်သိမ်း၊ တရားထိန်း၊ ငြိမ်းစေအဖြာဖြာ။

(၁၀) ရှစ်သောင်းလေးထောင်၊ တရားရောင်လည်း၊ မိုက်မှောင်ပယ်ထွန်း၊ ထိန်ထိန်ရွှန်း၊ ထွန်းစေ သာသနာ။

**သဒ္ဒသံခိပ်ကျမ်းပြီး၏။**

------- ✳ -------